# မာတိကာ

ဘာသာပြန်သူ၏ အမှာ ၇

နိဒါန်း ၉

၁ အဓိကပြဿနာကိုတော့ ဖြေရှင်းပြီးသွားပြီ ၁၅

၂ မသိချင်ဟန်ဆောင်ခံရတဲ့သတိပေးချက်၊ လက်တင်အမေရိကရဲ့ အကျပ်အတည်းများ ၃၅

၃ ဂျပန်ရဲ့ထောင်ချောက် ၆၁

၄ အာရှစီးပွားရေးပြိုလဲခြင်း ၈၃

၅ အူကြောင်ကျား မူဝါဒ ၁၀၇

၆ စကြဝဠာကြီးရဲ့အရှင်သခင်များ ၁၂၅

၇ ဂရင်းစပန်ရဲ့ ပူဖောင်းများ ၁၄၅

၈ စည်းမျဉ်းစည်းကမ်းတွေလျှော့ရဲ့တဲ့ သို့မဟုတ် စည်းမျဉ်းစည်းကမ်းတွေ လုံးဝမရှိတဲ့ မှောင်ရိပ်ထဲက ဘဏ်လုပ်ငန်း ၁၅၉

၉ ကြောက်ရွံ့မှုအားလုံးရဲ့ အပေါင်းရလဒ် ၁၇၁

၁၀ တစ်ကျော့ပြန်ခေတ်ထလာတဲ့ စီးပွားရေးကပ် ဘောဂဗေဒ ၁၈၇

စာရေးသူ၊ ဘာသာပြန်သူ ၁၉၈

# ဘာသာပြန်သူ၏ အမှာ

၂၀၀၈ နိုဘယ်ဆုရှင် အမေရိကန်ဘောဂဗေဒပညာရှင် Paul Krugman မှ ၁၉၉၉ ခုနှစ်မှာ The Retrun of Depression Economics အမည်နဲ့ ပထမဆုံးအကြိမ် ထုတ်ဝေပါတယ်။ အဓိကအားဖြင့် စာရေးသူက ၁၉၉၇ အာရှငွေရေးကြေးရေးအကျပ်အတည်း၊ လက်တင်အမေရိက ကြွေးမြီအကျပ်အတည်းတွေနဲ့ စီးပွားရေး လေးလံထိုင်းမှိုင်းတဲ့ ထောင်ချောက်ထဲရောက်နေတဲ့ ဂျပန်နိုင်ငံရဲ့အတွေ့အကြုံတွေအပေါ်မှာ အကဲဖြတ် စိစစ်ထားတယ်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေရေးကြေးရေးအကျပ်အတည်း ဖြစ်ပြီးတဲ့နောက် မူရင်းစာရေးသူက အဲဒီအကျပ်အတည်းနဲ့ ပတ်သက်လို့ နောက်ဆုံးဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ထပ်မံ ဖြည့်စွက်ပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှာ ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါတယ် (The Return of Depression Economics and the crisis of 2008)။

ဒီစာအုပ်မှာ စာရေးသူက အနာဂတ်မှာ အကျပ်အတည်းတွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ၁၉၃၀ မဟာစီးပွားပျက်ကပ်ကြီးက ရှေးလူကြီးတွေအပေါ် ပေးခဲ့တဲ့သင်ခန်းစာအဟောင်းတွေကို လေ့လာဖို့၊ အစိုးရအသုံးစရိတ်တွေသုံးစွဲပြီး စီးပွားရေးကျဆင်းမှုကို ကျားကန်ဖို့၊ ချေးငွေချေးယူနိုင်တဲ့အခွင့်အလမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေဖို့ မူဝါဒရေးဆွဲသူတွေကို အကြံပြုထားပါတယ်။

"စီးပွားရေးပျက်ကပ်ကို ကာကွယ်နိုင်ဖို့အတွက် အဓိကကျတဲ့ ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပြီးဖြစ်တယ်"ဆိုတဲ့ အများသဘောတူလက်ခံချက်အပေါ် တိုက်ရိုက်ပယ်ချခြင်းက ဒီစာအုပ်ရဲ့ အဓိကအာဘော်ပဲ ဖြစ်တယ်။ မူရင်းစာရေးသူက အစိုးရအသုံးစရိတ်တွေအပေါ် ကန့်သတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းတွေကို ဖြေလျှော့ခြင်းဆိုတဲ့ ရှေးရိုးစွဲ ဘောဂဗေဒအယူအဆတွေအပေါ်မှာ ကိန်းနေရှင်ဘောဂဗေဒအယူအဆကို ကိုင်စွဲပြီး စိန်ခေါ်ထားပါတယ်။

ယခု ဘာသာပြန်ဆိုတဲ့ မူရင်းစာအုပ်ဟာ ဒုတိယအကြိမ်ထုတ်ဝေတဲ့ ၂၀၀၈ ခုနှစ်ကနေ ကြည့်မယ်ဆိုရင် ဆယ်စုနှစ်နှစ်ခုနီးပါးလောက်ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ ပထမအကြိမ်



ထုတ်ဝေခဲ့တဲ့ ၁၉၉၉ ကနေကြည့်မယ်ဆိုရင်တော့ ရာစုနှစ် လေးပုံတစ်ပုံကို ကျော်လွန်နေတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ သို့သော်လည်း စာအုပ်မှာ ပါဝင်တဲ့ အကြောင်းအရာတွေ၊ အဖြစ်အပျက်တွေအနေနဲ့ ဖြစ်ပျက်ပုံတွေကတော့ နှစ်တွေဘယ်လောက်ကြာသည်ဖြစ်စေ တူညီတဲ့ ဇာတ်ညွှန်းတစ်ခုနဲ့ ကပြနေတဲ့၊ မရိုးနိုင်တဲ့၊ အကြောင်းအရာတူ ပုံစံကွဲ ထပ်ခါတလဲလဲ ဖြစ်ပျက်နေတဲ့ ကြွေးမြီအကျပ်အတည်း၊ ငွေကြေးအကျပ်အတည်းနဲ့ ဘဏ်လုပ်ငန်းအကျပ်အတည်းတွေဖြစ်လို့ ဒီကနေ့ခေတ်၊ ဒီကနေ့အချိန်အခါ၊ ဒီကနေ့ခေတ်အခြေအနေတွေနဲ့လည်း ကိုက်ညီနေဆဲဖြစ်တဲ့အတွက်ကြောင့် ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါတယ်။

ကျော်စိုးမင်း

ဤစာအုပ်တွင် နိုဘယ်လ်ဆုရ ဘောဂဗေဒပညာရှင်တစ်ဦးက ယနေ့ ကြုံတွေ့နေရသော အကျပ်အတည်းသည် စီးပွားပျက်ကပ်ကိုဖြစ်စေသော ဖြစ်ရပ်များနှင့် ယှဉ်ပြသည်၊ ကပ်ဆိုးဘေးမှ ရှောင်ရှားရမည့်အရာများကို ရှင်းပြသည်။

နိဒါန်းမှ

စီးပွားရေးပညာရှင် အများစုက ၁၉၃၀ ပြည့်နှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ မဟာစီးပွားရေးပျက်ကပ်ကြီးကို အကြောင်းမဲ့ မလိုလားအပ်တဲ့ အဖြစ်ဆိုးတစ်ခုလို့ မှတ်ယူခဲ့ကြတယ်။ တကယ်လို့ အဲဒီအချိန်လို စီးပွားရေး ထိုင်းမှိုင်းနေတဲ့ကာလမှာ သမ္မတ ဟားဗတ်ဟူဗာက အစိုးရအသုံးစရိတ်ကို ညီမျှအောင် မကြိုးစားခဲ့ဘူးဆိုရင်၊ ဖက်ဒရယ်ရီဇတ်က ပြည်တွင်းစီးပွားရေးကို အထိအခိုက်ခံပြီး ရွှေနဲ့ဆက်တဲ့ငွေကြေးစနစ်ကို မကာကွယ်ခဲ့ဘူးဆိုရင်၊ ဗဟိုဘဏ်အာဏာပိုင်တွေက ခြိမ်းခြောက်ခံနေရတဲ့ ဘဏ်တွေမှာ လိုတဲ့ငွေသားတွေကို လျင်လျင်မြန်မြန်နဲ့ ဖြည့်ဆည်းပေးခဲ့ပြီး ၁၉၃၀-၃၁ ခုနှစ်မှာ ပေါ်ပေါက်လာတဲ့ ဘဏ်အထိတ်တလန့်ဖြစ်မှုတွေအပေါ် တည်ငြိမ်စေခဲ့မယ်ဆိုရင် အဲဒီ ၁၉၂၉ ခုနှစ်ရဲ့ စတော့ဈေးကွက် ပျက်စီးမှုဟာ သာမန်စီးပွားရေးကျဆင်းမှုတစ်ခုသာ ဖြစ်ပါလိမ့်မယ်။

ထုံးစံအတိုင်း ဒီအဖြစ်အပျက်တွေကို မကြာခင်မှာပဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပါလိမ့်မယ်။ "အလုပ်သမားတွေ လျှော့ချလိုက်ပါ၊ စတော့တွေကို ရောင်းထုတ်လိုက်၊ လယ်သမားတွေကို ဖယ်ရှားလိုက်၊ အိမ်ခြံမြေတွေကို ရောင်းထုတ်လိုက်ပါ၊ စနစ်ရဲ့ ပုတ်သိုး ဆွေးမြည့်မှုတွေကို သန့်စင်လိုက်ပါ" ဆိုတဲ့ အင်ဒရူးမယ်လွန်ရဲ့ ကျော်ကြားတဲ့ အကြံပေးချက်မျိုးကို ဒီကနေ့ခေတ်မှာ ဘယ်အမေရိကန် ဘဏ္ဍာရေးအတွင်းရေးမှူးကမှ သံယောင်လိုက်မှာ မဟုတ်သလို၊ မဟာစီးပွားရေးကပ်ဆိုးကြီးနဲ့ တူတဲ့အရာဆိုတာ ထပ်ဖြစ်လာဖို့ မရှိပါဘူး။

ဒါဟာ ဖြစ်နိုင်ပါ့မလား။